# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

# ကြီးပင်ကန်(၂)ကျေးရွာ

## မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇-၂၀၂၁)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ကြီးပင်ကန်(၂)ကျေးရွာ၊ မင်းဘူးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ လ

# ကြီးပင်ကန်(၂)ကျေးရွာ

# မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ကြီးပင်ကန်(၂)ကျေးရွာ၊ မင်းဘူးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ

## မာတိကာ


မာတိကာ ၁

စကားချီး ၅

ထိန်တောကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ် ၆

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** ၇

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ကိစ္စဆိုင်ရာ

၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၅

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၇

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်း ပေးရမည့်ကိစ္စများ ၁၈

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၀

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၆

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၈

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၂၉**

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ၊ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ ၇၇

ကိုးကားစာရင်း ၇၈
နောက်ဆက်တွဲ (၂)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၉
နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့ဝင်များစာရင်း ၈၁

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူး ပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကို လည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီး ဌာနမှ စီစဉ်ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။ ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ် ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုး တက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီ အစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင် ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။ ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်း အရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

အောက်တိုဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၊ ကြီးပင်ကန်(၂)ကျေးရွာ၊ မင်းဘူးမြို့နယ်

# ကြီးပင်ကန်(၂)ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁။ နိဒါန်း

### (က)ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲအကောင်ထည် ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက် အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှုးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင် အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက် ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည် နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှု ပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျွန်တော်တို့ကျေးရွာသည် မင်းဘူးအမ်းလမ်းနှင့် မင်းဘူးစကုလမ်းနှစ်သွယ်ကြားတွင် တည်ရှိပြီး မင်းဘူးမြို့၏ အနောက်ဘက်တွင်တည်ရှိပါသည်။ ကျေးရွာသည် ဘူးမြို့နှင့် ၅ မိုင်ခန့်သာဝေးပြီး မင်းဘူးမြို့၏ အနောက်ဘက်တွင်တည်ရှိပါသည်။ ကျေးရွာသည် မြေပြန့် ဒေသဖြစ်ပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေး နှင့် မွေးမြူရေး လုပ်ငန်းဖြစ်သည်။ ဒေသ၏ မိုးရေချိန်မှာ တစ်နှစ်လျှင်ပျမ်းမျှ လက်မ ၄၀ မှ ၇၀ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေလုပ်ငန်းအတွက် အသင့်အတင့်ထောက်ကူပြုသည်။ ကျေးရွာအနီးတွင် တောတောင်မြစ်ချောင်းများမရှိပဲ မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်၍ ကုန်းတွင်းပိုင်းတွင်ရှိပြီး မြစ်ရေကြီးခြင်းနှင့် ဆားငန်ရေဝင်ခြင်းများမှ ကင်းလွတ်ပါသည်။ လယ်၊ယာမြေများ မှာ စပါးနှင့် ပဲမျိုးစုံတို့ကို စိုက်ပျိုးပါသည်။ ဒေသထွက်ကုန်သီးနှံများရောင်းချရန် ကျေးရွာ ဖြစ်၍ ကုန်းတွင်းပိုင်းတွင်ရှိပြီး မြစ်ရေကြီးခြင်းနှင့် ဆားငန်ရေဝင်ခြင်းများမှ ကင်းလွတ်ပါသည်။ လယ်၊ယာမြေများ မှာ စပါးနှင့် ပဲမျိုးစုံတို့ကို စိုက်ပျိုးပါသည်။ ဒေသထွက်ကုန်သီးနှံများရောင်းချရန် ကျေးရွာနှင့် အနီးဆုံးဖြစ်သော မင်းဘူးမြို့မှ ကုန်သည်များထံသွားရောင်းချကြပါသည်။

### (ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေ အများအပြားရှိပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သယံဇာတထွက်ရှိမှုမရှိပါ။ တောင်သူအများစုသည် အိုင်းမရေပိုလွှဲမှရေကို လယ်စိုက်ပျိုးမြေ (၃၂၁) ဧကကို ရာသီအလိုက်စိုက်ပျိုးကြပြီး စပါးနှင့်ကုလားပဲကို အဓိကစိုက်ပျိုးကြသည်။လယ်မြေဧက (၅၀)ကို မြေအောက်ရေကို အသုံးပြုစိုက်ပျိုးကြသည်။ မြေအောက်ရေအသုံးပြုမှုနည်းပါးသည်။ မိုးရေကိုအသုံးပြု၍ ယာမြေဧက(၃၅၈.၇၅)ကို ထွန်ယက် စိုက်ပျိုးနိုင်ပြီး နှမ်းနှင့် မြေပဲသီးနှံများကို အဓိကစိုက်ပျိုးကြသည်။

## ၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၂၄၈)စု နှင့် ကျား၊ မ လူဦးရေပေါင်း (၉၃၉)ဦး ရှိကာ တစ်အိမ်ထောင် လျှင် ပျမ်းမျှလူဦးရေ (၃.၇၉)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုး များအများဆုံး နေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ (၆၉.၉၇%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွါးရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသမီးဦး ရေသည် အမျိုးသားဦးရေထက်များပြားခြင်းကြောင့် အမျိုးသမီးများအတွက် သင့်တော်သော အလုပ်အကိုင်အခွင့်အလမ်းလိုအပ်နေပါသည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေ အနေအထားမှာ သီးနှံရိတ်သိမ်းချိန်တွင်သာ ဝင်ငွေရရှိပြီး ကျန်အချိန်များမှာ ဝင်ငွေရရှိမှု မရှိပါ။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၆၃%သည်ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများအဖြစ်ခံယူကြပြီး ၁၀% သည် ချမ်းသာသောအိမ်ထောင်စုများဖြစ်ပြီး ၂၆%သည်ုိ အလယ်အလတ်ရှိကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှု၊ လယ်ယာသုံးစက်ကရိယာများ ပိုင်ဆိုင်မှု တို့ကြောင့် ကျေးရွာ့ စီးပွါးရေးအနေအထားမှာ အသင့်အတင့်ကောင်းသည်ဟု ပြောနိုင်သည်။ ချမ်းသာသော လယ်သမား အိမ်ထောင်စုများအပြင် အခြားလယ်သမားအိမ်ထောင်စုအချို့မှာလည်း အခြားဝင်ငွေရ အလုပ်အကိုင်များကို တွဲဖက်၍လုပ်ကိုင်ကြပါသည်။ လယ်သမားအိမ်ထောင်စု အများစုသည် တွဲဖက်လုပ်ကိုင်သော လုပ်ငန်းရှိသူ များဖြစ်သဖြင့် ငွေကြေးအသင့်အတင့် အဆင်ပြေကြသည်။ကျေးရွာတွင် လူဦးရေနည်း သောကြောင့် စီးပွားရေးအဆင့်အတန်းမှာလည်း အခြားကျေးရွာများကဲသို့ ဖွံ့ဖြိုးမှုအား နည်းပါသည်။

ယင်းတို့အနက် ချို့တဲ့အဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သော တောင်သူများ၊ လက်လုပ်လက်စားများနှင့် မြေယာမဲ့ အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများများပြားပြီး စီးပွားရေးချို့တဲ့လျက်ရှိသည်။ အဓိက ဂင်ငွေရလုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး ကျေးရွာ၏ ဂင်ငွေသည် အသင့်အတင့်သာ ရှိပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ ကျပန်းအလုပ်များ၊ ခေါင်းရွက်ဗျက်ထိုးအလုပ်များ နှင့် တနိုင်တပိုင် မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေကြပါသည်။ သီးနှံရာသီ ကုန်ဆုံးချိန်တွင် နယ်ထွက်၍ အလုပ်သွားရောက်လုပ်ကိုင်ကြပါသည်။ ကျေးရွာမှ ချို့တဲ့နှင့် အချို့တဲ့ဆုံးအိမ်ထောင်စုများ၏ ၃၀% ဖြစ်သော (၄၇)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့မှာ သူတပါးထံမှ ချေးငှားပြီးမှ နပ်မှန်စွာစားသုံးနိုင်ကြောင်း၊ မချေးငှားဘဲ စားသုံးနိုင်သူမှာ အထောက်အပံ့ယူစားရကြောင်း တွေ့ရှိရပါသည်။ အကြွေးတင်ရှိမှုတွင် တွေ့ရှိခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ (၁၀၀၀၀၀ိ/-) မှ (၅)သိန်းအထိ တင်ရှိနေကြသည်။

အိမ်ထောင်စုအားလုံးတွင် အမျိုးသမီးဦးဆောင်အိမ်ထောင်စုများနှင့် မုဆိုးဖို ဦးဆောင်သည့် အိမ်ထောင်စုများ နှင့် အခြားထိခိုက်လွယ်သော အိမ်ထောင်စုမှာ သက်ကြီးရွယ်အိုအနည်းစု များ မရှိကြောင်းတွေ့ရှိရပါသည်။ သက်ကြီးရွယ်အိုများရှိသော်လည်းမိသားစုစောင့်ရှောက်မှုဖြင့်သာ နေထိုင်ကြပါသည်။ ကျပန်းအိမ် ထောင်စုများသည် အလုပ်အကိုင်ရှားပါးခြင်းကြောင့် ရွာပြင်ပသို့ သွားရောက်ပြီး ဂင်ငွေရရှိရေး အတွက် သွားရောက်လုပ်ကိုင်ကြည့် လူငယ် လူရွယ် များသည် လိင်မှတဆင့် ကူးစက်တတ်သည့် ရောဂါများ၊ အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်တို့

ရှိတတ်ကြသည်။ ကျေးရွာတွင် ကားသမား/သုံးဘီးသမား အနည်းငယ် ရှိသည့်အတွက် ၎င်းတို့သည်လည်း ထိခိုက်လွယ်သော အိမ်ထောင်စုများဖြစ်သည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည် သွေးလွန်တုပ်ကွေး ဝမ်းလျှောဝမ်းပျက်ရောဂါမှာ ရာသီကူးပြောင်းမှုကြောင့် အနည်းငယ် ဖြစ်ပွါးမှုတွေ့ရသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးဗဟုသုတများ အသင့် အတင့်ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများအားနည်းသောကြောင့် ကျန်းမာရေးဟောပြောပွဲများပြုလုပ်၍ ဆေးပေးခန်းများထားရှိရန် လိုအပ်ပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် ပညာရေးအားပေးမှု အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံပညာရေး၊ အရေးအဖတ်အတွက်များ ကိုတတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်အသင့်အတင့်ရှိသည်။ အခြေခံပညာရေးကို ကျေးရွာရှိ မူလတန်း၊အလယ်တန်း နှင့် အထက်တန်းကို မန်းအိမ်ယာ (အထက်တန်းကျောင်း)တွင် ပညာသင်ကြားနိုင်ပါသည်။ သို့သော် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ နည်းပညာပိုင် ဆိုင်ရာကျွမ်းကျင်မှု နည်းပါးပြီး၊ လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါး ပါသည်။

**(စ) ကျား-မရေးရာ ကိစ္စဆိုင်ရာ**

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာ တန်းတူ အခွင့်အရေး ရရှိသည်။ ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်းများတွင် မျှတမှု ပါဝင်မှုရှိပါသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ဒုစရိုက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘုယျ ပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၊အလယ်တန်းအဆင့်၊ အထက်တန်း၊ တက္ကသိုလ်ပညာရေးများတွင်လည်း မိန်းကလေးအရေအတွက်သည် အမျိုးသားအရေအတွက်ထက်များနေပါသည်။ ထို့ကြောင့် အမျိုးသမီးများအတွက် ပညာသင်ယူရေး ဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် ပျမ်းမျှအားဖြင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက် လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်မှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခ လျော့နည်း

ပြီးရကြသည်။ အုပ်ချုပ်မှုပိုင်းတွင် အမျိုးသားများနှင့် တန်းတူ မပါဝင်မှုအားနည်း နေကြောင်း ကျား-မ တန်းတူ သိပညာပေးသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် အမျိုးသမီးများ၏ အခန်းကဏ္ဍ ပိုမိုအသက်ဝင်လာမည် ဖြစ်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် ဘာသာရေးအသင်းအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့ (၅) ဖွဲ့ ၊ ပြင်ပငွေကြေး ဝန်ဆောင်မှုအဖွဲ့(၂)ဖွဲ့ရှိပါသည်။ လူမှုရေးအဖွဲ့များမှာ သာရေးနာရေးလုပ်ငန်းများကို ဆောင်ရွက် လျှက်ရှိပြီး၊ လှုပ်ရှားဆောင်ရွက်မှုအားကောင်းသည်။ မြန်မာ့ အသေးစားငွေကြေး အဖွဲ့ကို ပြင်ပအဖွဲ့မှ ဖွဲ့စည်းပေးထားပြီး၊ အသေးစားငွေစုငွေချေး လုပ်ငန်းကို လည်ပတ် ဆောင်ရွက် လျက်ရှိသည်။ ကျေးရွာတွင်းရှိ အဆိုပါအဖွဲ့အစည်းများ အချင်းချင်း ချိတ်ဆက် ဆောင်ရွက်မှု၊ အဖွဲ့အစည်းများ၏ သဘောသဘာဝများကို နားလည်မှုအားနည်းကြသဖြင့် စွမ်းဆောင် ရည်မြှင့် တင်ရေး သင်တန်းများ ဖွင့်လှစ်နိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်ရေးပိုင်း၌ ပိုမိုကောင်းမွန် လာနိုင်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါး နှင့် ပဲ၊နှမ်းတို့ကို အဓိကထားစိုက်ပျိုးကြသည်။ ကျေးရွာတွင် မိုးပါးမြေဇုန (၃၂၁.၇) ရှိပြီးအိုင်းမရေဆည်မှရေဖြင့် အဓိက မိုးစပါး ကိုစိုက်ပျိုးကြပါသည်။ ရာသီ ဥတု အဆင်ပြေသောနှစ် တွင်သာ သီးနှံထွက်နှုန်းကောင်းမွန်ပါသည်။

စိုက်ပျိုးမြေများမှာ အသင့်တင့်ကောင်းမွန်ပြီး သဘာတမြေဆွေး၊မြေသြဇာများဖြစ်သော နွားချေး၊သိုးချေးနှင့် သစ်ရွက်ဆွေးတို့မှ သင့်တင့်သောမြေသြဇာများ ကိုရရှိသည်။ ပိုးသတ်ဆေးများ ကို မြို့ပေါ်ရှိ စိုက်ပျိုးရေးဆေးဆိုင်များတွင်ဝယ်ယူရရှိနိုင်သည်။ ကျေးရွာရှိ တောင်သူများလက်ဝယ် စိုက်ပျိုးရေးသုံးကရိယာများ ထိုက်သင့်သလောက်ရှိပြီး၊ စိုက်ပျိုးရေးနည်းပညာများ ထပ်မံတိုးလာ ရန်လိုအပ်သည်။ တောင်သူများသည် မိုးရွာသွန်းမှုမညီညွတ်သဖြင့် စိုက်ခင်း များတွင် အဖျက်ပိုးများ ကျရောက်မှုကို ပိုမိုတွေ့ရသည်။ ထိုအဖျက်ပိုးများသည် ပိုးသတ်ဆေးတချို့ကို ခံနိုင်စွမ်း ရှိကြပြီး၊ ထိရောက်သော ဖျက်ပိုးနှိမ်နင်း ရေးနည်းစနစ်ကို လိုလားနေကြပါသည်။

ကျေးရွာတွင် နွားမွေးမြူသည့် အိမ်ထောင်စု(၉၁)စု မွေးမြူကြသည်။ ကြက်မွေးမြူသည့် အိမ်ထောင်စုသည် (၁၄၂)စု မွေးမြူကြပြီး၊ မြင်း/ဆိတ်/ဝက်မွေးမြူသည့် အိမ်ထောင်စုမှာ တစ်ရွာလုံး၏ (၂၄)စု သာ မွေးမြူကြသည်။ ၎င်းမွေးမြူရေးတို့သည် တနိုင်တပိုင်မျှဖြစ်ကြသည်။ ရာသီအလိုက် ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများ အဓိက နွားများတွင် ခွာနာ၊ လျှာနာ၊ တောင့်တန်းရောဂါ၊ ကြက်ငှက်တုတ်ကွေးရောဂါများ အဖြစ်များပြီး၊ သေဆုံးပျက်စီးမှုများ ရှိတတ်သည်။ စီးပွားဖြစ် မွေးမြူလိုသော်လည်း နည်းပညာနှင့် ငွေကြေးအင်အား မတက်နိုင်သော

ကြောင့် မွေးမြူရန်အခက်ခဲ များရှိကြောင်းတွေ့ရှိရပါသည်။ငွေချေးသူများထံမှ ချေးငှားလျှင်လည်း အတိုးနှုန်းမြင့်မားတက်၍ အဆင်မပြေကြပါ။

### (ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျွန်တော်တို့ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများ မှာနေ့စားအလုပ်များ၊ခေါင်ရွက်ဖျက်ထိုးလုပ်ငန်းများ၊ ဈေးရောင်း၊ အစိုးရဝန်ထမ်းလုပ်ငန်းတို့ကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအဖြစ်ဆောင်ရွက်ကြသည်။ မြို့ပေါ်တွင် အသက်မွေးဝမ်း ကျောင်း လုပ်ငန်းများဖြစ်သော အပ်ချုပ်၊ဇာထိုးပန်းထိုး၊ ဖုန်းပြင်သင်တန်း၊ မော်တော်ဆိုင်ကယ်ပြင် သင်တန်း၊ ကာမောင်း၊ဝပ်ရှော့ သင်တန်းများ သင်ကြားပေးသောပြင်ပအဖွဲ့ အစည်းများနှင့် ချိတ်ဆက်မှုအားနည်းပါသည်။အခြားလုပ်ငန်းများစုသည် ရာသီဥတုနှင့် အမျိုးအစားလိုက် တွက် ချေကိုက်မှု အနည်းငယ်သာရှိပါသည်။ လက်လုပ်လက်စား များမှာ စိုက်ပျိုးရိတ်သိမ်းချိန်၌သာ အလုပ်အကိုင်ရှိပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေ မမှန်ခြင်း ကြောင့် နယ်ထွက် လုပ်ကိုင်ကြပြီး တွက်ခြေကိုက်မှုနည်းပါးသည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ထိုအခြေအနေမှာကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။

### (ဃ) ပါတ်ဝန်းကျင်နှင့် သံယံဇာတ စီမံခန့်ခွဲမှု

ကျေးရွာတွင် စပါး ၊ ကုလားပဲ နှင့် နှမ်းစိုက်ခင်းများတွင် ဖျက်ပိုးနှင့်ရောဂါများ ကျရောက် တတ်ခြင်း ကြောင့် ပိုးသတ်ဆေး နှင့် ဓာတုမြေသြဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာ အရည် အသွေးနိမ့်ကျလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတုပိုး သတ်ဆေးများကိုသာ အသုံးပြုလာကြပါသည်။ ထိန်းသိမ်းမှုအားနည်း ခြင်းကြောင့် သဘာဝ အပင်မျိုးစိတ်များ ဆုံးရှုံးမှုအန္တရာယ်ရှိပါသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ် အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခံများကိုစနစ်တကျ မစွန့်ပစ်ကြသဖြင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာ ပေးရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။ ကျေးရွာသည် မြန်မာနိုင်ငံ အလယ်ပိုင်း ဒေသ တွင်တည်ရှိသောကြောင့် အခါအားလျော်စွာ ကျရောက်တက်သောမိုးခေါင်ခြင်း သည်လည်း သဘာဝအန္တရာယ်တစ်ရပ်အဖြစ် တည်ရှိနေပါသည်။

### (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်နှစ်အတိုးနှုန်း (၇ဝ)ပြားတိုးဖြင့် (၆)လ၊တစ်ဧကလျှင် (၁၅ဝဝဝဝ/-)ဖြင့် အများဆုံး(၁ဝ)ဧက သတ်မှတ်ထုတ်ချေးပေးပါသည်။ Pact Myanmar အဖွဲ့မှလည်း ထုတ်ချေးပါသည်။ တချို့ အိမ်ထောင်စုများမှာ ငွေတိုးချေးစားသူများထံမှ အတိုးကြီးပေး၍ လည်းကောင်း၊ မိတ်ဆွေ၊ ဆွေမျိုး များထံမှ နည်းလည်မှုကတိဖြင့် ချေးယူကြရပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ(ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး) တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် လိုအပ်ချက်များပြားကြောင်း တွေ့ရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းဆောင်ကို အဆောင်(၁) အလျား ၈၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၁ ပေ အုတ်ဖြင့်ဆောက်လုပ်ထားသော ကျောင်းဆောင်ဖြစ်ပြီး ကျောင်းသာများ ပညာသင်ကြားနိုင်ပါသည်။ကျောင်းပရိဘောဂများနှင့် ဆရာဆရာမ လုံလောက်မှုရှိပါသည်။ အထက်တန်းကျောင်းပညာရေးကို အထက(အိမ်ယာ)တွင် ဆက်လက်ပညာသင်ကြားနိုင်ပါသည်။ ပညာတက်ကျောင်းသားများ များပြားလာစေရန် ပိုမိုကောင်းမွန်သော အထောက်အပံ့များ ရရှိရန်လိုအပ်ပါသည်။

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါသည်။ ရေမြောင်းများကို သန့်ရှင်းအောင်ထားခြင်းကြောင့် ဝမ်းရောဂါဖြစ်ပွားမှုအားနည်းပါသည်။ ဆေးဝါးများကိုလည်း လက်လှမ်းမှီမှုရှိပါသည် လျှပ်စစ်မီးရရှိသောကြောင့် အေးခန်းဖြင့်ထားရန် လိုအပ်သော ကာကွယ်ဆေးများကိုလည်းသုံးစွဲနိုင်ပါသည်။ထိုးခြင်းနှင့် ရာသီအလိုက် အရွယ်အလိုက် ကာကွယ်ဆေးထိုးခြင်း၊ အာဟာရမှတ်တမ်း ရယူမှုများအားနီစပ်ရာ တာဝန်ကျ ကျေးလက် ကျန်းမာရေးဌာနခွဲများ မှ လာရောက် ပြုလုပ်ပေးပါသည်။

သောက်သုံးရေ နှင့် သုံးရေများအတွက် ရေတွင်း၊စက်ရေတွင်းများကိုသာ အသုံးပြုကြသဖြင့် ရေလုံလောက်မှုမှာ အတော်အသင့်သာရှိပါသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကျင်းကို အုတ်ဖြင့် ဆောက်လုပ်ထားကြပြီး၊ ဆင်းရဲသော အိမ်ထောင်စုများက ဝါးထရံကာ ဆောက်လုပ်၍ သုံးစွဲကြသည်။ ၎င်းတို့အနက် အသိပညာလိုက်နာမှုအားနည်းခြင်းကြောင့် အိမ်သာသုံးစွဲမှုအားနည်းသူများလည်းရှိသည်။ ထို့ကြောင့် ကျန်းမာရေးဗဟုသုတများ တိုးပွားလာရန်လိုအပ်ပါသေးသည်။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

ကျွန်တော်တို့ ကျေးရွာတွင်လူငယ်များ အတွက်အပန်းဖြေအနားယူ နိုင်မည့်အနေအထားသီးသန့်မရှိပါ။ လူငယ်များသည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါဝင်ပါသည်။ စာကြည့်တိုက် နှင့် အားကစားပစ္စည်းများမှာ လက်လှမ်းမှီမှုအားနည်းကြောင်းနှင့် ရိုးရာယဉ်ကျေးမှုမားကို ထိန်းသိမ်းကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သီးသန့် လုပ်ဆောင်ခြင်း မရှိပါ ပူးပေါင်း ဆောင်ရွက်ခြင်း သာရှိပါသည်။

**(ဇ) အခြေခံ အဆောက်အဦးများအား လက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာတွင် ၂၀၀၅ ခုနှစ်က ပေ ၃၅၀၀ခန့် အရှည်ရှိ မြေနီလမ်းခင်းခြင်းကို မန်းရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အကျယ် ၁၂ပေ အမြင့် ၆ပေ ထုရှိသောမြေနီလမ်း ခင်းခြင်း ဆောင်ရွက်ပေးခဲ့ပါသည်။ မြေနီလမ်းများကို တစ်နှစ်ပတ်လုံး သွားလာရလွယ်ကူကြပါသည်။ ရွာချင်းဆက်လမ်းအား ၂၀၁၄ ခုနှစ် တွင်ပေ ၅၀၀၀ကျော်ကျောက်ခင်းလမ်းကို နိုင်ငံတော်မှ ဆောင်ရွက်ပေးခဲ့ပါသည်။ မိုးနှင့် ၅ မိုင်ခန့်ကွာသောကြောင့် ပို့ဆောင်ရေးယာဉ်များဖြစ်သော ကား ၊ ဆိုင်ကယ်၊သုံးဘီး၊နွားလှည်း၊မြင်းလှည်းများကို အသုံးပြု၍ မြို့နှင့် ဆက်သွယ်သွားလာရလွယ်ကူပါသည်။

ကျေးရွာတွင် လျှပ်စစ်မီးရရှိမှုအခြေအနေမှာ ၁၉၉၁ခုနှစ်မှစ၍ သွယ်တန်းထားရှိပြီး ကျေးရွာရှိအိမ်ထောင်စုအားလုံး၏ ၉၇%ခန့်သည်သွယ်တန်းအသုံးပြုလျက်ရှိပါသည်။ ဆိုလာစနစ်ဖြင့် အသုံးပြုသူ အိမ်ထောင်စုအနည်းငယ်သာရှိပါသည်။ ဆက်သွယ်ရေးအနေဖြင့် ဖုန်း၊ ရေဒီယို၊ တီဗွီ၊ ဂြိုလ်ထုစလောင်း စသည်တို့ ရှိသဖြင့် သတင်းနှင့် ဆက်သွယ်ရေးမှာ အတော်အသင့်ရရှိပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်းဖုန်းများကို အသုံးပြုခြင်းဖြင့် လိုအပ်သောသတင်းအချက်များကို ပေးပို့နိုင်ပါသည်။ အာမခံလုပ်ငန်းများ လက်လှမ်းမီသော်လည်း အသိပညာနည်းပါးခြင်းကြောင့်အားနည်းပါသည်။ လူကုန်ကူးမှုမှာလည်းမရှိသလောက် နည်းပါးသည်။

**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်ပံ့ဖြစ်စေသော အခြေနေကောင်းများ**

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးပြုနိုင်ကြသဖြင့် ထင်းသက်သာသည့် လျပ်စစ်မီးဖိုဖြင့် စနစ်ကျစွာချက်ပြုတ်ခြင်းအတွက် အသုံးပြုကြပြီး ကျောင်းသားများအတွက် စာဖတ်ရန်အထောက်အပံ့ဖြစ်ခြင်းစသော လူနေမှုမြင့်မားလာရေးအတွက် အထောက်အကူဖြစ်စေပါသည်။ ကျေးရွာတွင် ပညာတတ်လူငယ်များနှင့်အလုပ်လုပ်နိုင်သူရှိပြီး လူဦးရေကို တစ်ဝက်ကျော်မှာ အလုပ်လုပ်နိုင်ကြပါသည်။ ကျေးရွာသူများအနေဖြင့် ကျန်းမာရေးအတွက် မင်းဘူးမကွေးမြို့များသို့ သွားရောက်ကုသနိုင်ပါသည်။ စာသင်ကျောင်းအတွက် လိုအပ်သော အထောက်ပံ့များလည်းရရှိပြီး ပညာရေကောင်းမွန်လာစေရန်ဆောင်ရွက်ပါမည်။

ကျွန်တော်တို့ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်၍ အော်ဂဲနစ်၊ ဓါတုပိုးသတ် ဆေးတို့စိုက်ပျိုးရေးဆေးဆိုင်တို့မှရရှိပြီး ချေးငွေ နှင့် ငွေကြေး ဝန်ဆောင်မှုများကို မြန်မာ့စိုက်ပျိုးရေးဘဏ် နှင့် သမဦးစီးဌာန၊ Pact Myanmar အဖွဲ့ နှင့် ပြင်ပအဖွဲ့အစည်းများတို့မှ ရရှိပါသည်။

ကျေးရွာတွင် မွေးမြူရန်အတွက် စိုက်ပျိုးမြေများခြင်းကြောင့် စားကျက်မြေရှားပါး၍ တနိုင်တပိုင် လောက်သာ မွေးမြူကြသည်။ ဆိတ်၊နွား၊ဝက်များအား နှစ်စဉ် ရောဂါကာကွယ်ဆေးများထိုးနှံ နိုင်ရန်ဆောင်ရွက်သွားပါမည်။ ကျေးရွာများတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများလည်းရှိသည်။ အတန်းပညာနည်းပါးသော်လည်း လက်သမား၊ ပန်းရံ၊ စက်ပြင်၊ အိမ်ဆိုင် နှင့် အပ်ချုပ်ဆိုင် တို့ကိုလည်း လုပ်ကိုင်ကြသည်။ ပညာတတ်ဘွဲ့ရများရှိ၍ အစိုးရဝန်ထမ်းများလည်း ရှိသည်။

ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကူးသန်းရောင်းဝယ်ရေး ကိုပိုမိုကောင်းမွန်စေပါသည်။မိုဘိုင်းဖုန်းဆက်သွယ်မှုနှင့် အခြားဝန်ဆာင်မှုဈေး ကွက်များ၊ လူမှုဝန်ဆောင်မှုများအတွက် လက်လှမ်းမှီပါသည်။အင်တာနက်အသုံးပြုမှု ကောင်းမွန်ပြီးသတင်းအချက်အလက်များလွယ်ကူစွာရရှိပါသည်။

## (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာတွင် စိုက်ပျိုးမြေများ ချဲ့တွင်ရန် လယ်မြေများမရှိခြင်း၊ မြေဆီမြေသြဇာ အခြေအနေမှာ ပိုးသတ်ဆေးနှင့် ဓါတုဆေးများ အလွန်အကျွံသုံးစွဲမှုကြောင့် ပျက်စီးမှု များရှိသည်။ လယ်ယာမြေများကို ထပ်မံတိုးချဲ့ရန်မဖြစ်နိုင်သောကြောင့် အထွက်နှုန်းတိုးတက်ရန်ဆောင်ရွက်ရပါမည်။

ကျေးရွာတွင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်၊ လေလံများကို ရရှိရန် ငွေကြေး မတတ်နိုင်သဖြင့် နားလည်မှုဖြင့်သာ လုပ်ကိုင်ရသည်။ မွေးမြူရန် တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များကို လက်လှမ်းမီရန် အားနည်းပါသည်။

ကျေးရွာတွင် ငွေတိုချေးသူများရှိသောလည်း အတိုးနှုန်းမြင့်မားပါသည်။ ဘဏ်များမှ ကျေးရွာအရောက် ဝန်ဆောင်မှုပေးသောစနစ်မရှိဘဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ စိုက်ပျိုးရေးဘဏ်၊သမတို့မှ ချေးငွေချေးယူရရှိသော်လည်း လိုအပ်ချက်များပြားပါသည်။ ဘဏ်များမှ ကျေးရွာအရောက် ဝန်ဆောင်မှုပေးသောစနစ်မရှိဘဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ လိုအပ်ချက်များခြင်းကြောင့် ခက်ခဲမှုများကြန့်ကြာမှုများကြုံတွေ့နေရပါသည်။ ဝင်ငွေပုံမှန်ရရှိရန် မြို့သို့သွားရောက်၍ နေစားများလခစားများဖြစ် သွားရောက်လုပ်ကိုင်ကြပါသည်။ အိမ်တွင်းသက်မွေးလုပ်ငန်းများ လုပ်ကိုင်နိုင်မှုမရှိကြောင်းတွေ့ရပါသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က.၁) ကျွန်ုပ်တို့ကျေးရွာတွင် ကုန်ထုတ်လုပ်မှုမြင့်တက်ခြင်း၊ အလုပ်အကိုင်အခွင့်လမ်းများ ရရှိခြင်းနှင့်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို စနစ်ကျသောခေတ်မှီစက်ယန္တယားများ နည်းပညာများဖြင့် လုပ်ကိုင် ဆောင်ရွက်ခြင်းဖြင့် ရွာသူ၊ ရွာသားများ၏ ဝင်ငွေများ တိုးပွား၍ စီးပွားရေးအခြေအနေအထားများ တိုးတက်ပြီး ပညာရေးအဆင့်မြင့်မားစေရမည်။

(က.၂)ကျေးရွာတွင် လူငယ်များအားလုံး စာက်မြောက်၍ ပိုမိုကောင်းမွန်သော လူဘောင်အဖွဲ့အစည်းနှင့် လူသားရင်းမြစ် ဖြစ်ပေါ်လာစေရမည်။

(က.၃) ကျွန်ုပ်တို့ အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ်ခြင်းဖြင့် ကျေးရွာဝင်ငွေတိုးပွားလာစေခြင်းဖြင့် ကျေးရွာအခြေပြုအဖွဲ့အစည်းများဖြင့် လူစွမ်းအားစွမ်းဆောင်ရည် တိုးတက်လာစေရမည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ.၁) ကျေးရွာရှိ ဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်၍ စိုက်ပျိုးရေး၊ မွေးမြူရေး မှ ဝင်ငွေအမြတ်အစွန်းများ ရရှိအောင်မြင်လာစေရန်၊ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ ဆောင်ရွက်မည်။ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်လာစေရန် စိုက်ပျိုးရေးနည်းပညာများ ရရှိရေး၊ မျိုးကောင်းမျိုးသန့်များ အချိန်ကုန်ငွေကုန် သက်သာစွာ ရရှိရေး၊ စိုက်ပျိုးရေများ အချိန်မှီ လုံလောက်စွာ ရရှိရေးတို့အတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက် သွားမည်။

(ခ.၂) ပညာရေးအဆင့်အတန်းမြင့်မားလာစေရန် ကျေးရွာတွင်းဟောပြောများပြုခြင်း၊ အသက်မွေးဝမ်းကျောင်းပညာသင်တန်းများဖွင့်လှစ်သင်ကြားခြင်းဖြင့်ကျောင်း ပညာရေးဆုံးခန်းတိုင်စေရန်နှင့် လူနေမှုအဆင့်မြင့်မားရန်ဆောင်ရွက်ရမည်။

(ခ-၃) ကျေးရွာအဖွဲ့အစည်းများကို စီမံခန့်ခွဲမှုသင်တန်းများတက်ရောက်နိုင်ခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန်ချိတ်ဆက်ဆောင်ရွက်သွားမည်။

## (၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါ ပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေး စီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) သီးနှံထုတ်လုပ်မှုတိုးတက်စေရန် စိုက်ပျိုးရေးနည်းပညာများ ရရှိစေရေး

ကျေးရွာတွင် စပါး၊ ပဲနှင့် နှမ်းတို့ကိုစိုက်ပျိုးပြီး စိုက်ပျိုးကြသည်။ တောင်သူများ အတွက် သီးနှံဖျက်ပိုးကျ ရောက်ခြင်းသည် အဓိကခက်အခဲဖြစ်ပြီး သီးနှံဖျက်ပိုး များကို ထိရောက်စွာ ကာကွယ်နှိမ်နင်းရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှု များကို ရရှိသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိက အရောင်းဆိုင်များကို မှီခိုအားထားမှု ပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေး အချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှု ဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများအပါအဝင် ထိရောက်သောပိုးမွှားနှိမ်နင်းရေး နည်းပညာ ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

### (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေး နှင့် အသေးစားစီးပွားရေး လုပ်ငန်းများ အတွက် လုံလောက်သော ချေးငွေလိုအပ်ပါသည်။ ဘဏ်လုပ်ငန်းစနစ် တွင်ကျယ်လာ

စေရန် နှင့် လိုအပ်ကျေးရွာသူများအားလုံး ချေးငွေရရှိနိုင်ရန် ဖြေလျှော့သင့်သော အရာများအား ဖြေလျှော့သင့်ပါသည်။

### (ဃ) ကျေးလက်အသေးစားစက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင်း အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းများများရှိပါသည်။ လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊သတင်းအချက်အလက်များ လက်လှမ်းစေရမည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများဆောင်ရွက်ရမည်။ ကျေးရွာမှလိုအပ်သော စီပွားရေးလုပ်ငန်းများထူထောင်နိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ပြင်ပအဖွဲ့အစည်းများဖြင့်ချိတ်ဆက်ဆောင်ရွက်ရမည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည် **(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ

ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)*– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

### (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ-

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **လမ်းပန်းဆက်သွယ်ရေး**<br>လမ်းများကောင်းမွန်စေရန် | လမ်းချဲ့ခြင်းနှင့်ရေမြောင်းလုပ်ခြင်း | ၁၀၀ | ၁ | * ကျေးရွာလမ်းကော်မတီဖွဲ့စည်းခြင်း။<br>* ပြင်ပအဖွဲ့ (NGO,INGO)များနှင့် ချိတ်ဆက်ခြင်း<br>* ကျေးရွာသူသားများအား လုပ်အားပေးလုပ်ဆောင်<br>*သက်ဆိုင်ရာဌာနနှင့်ချိတ်ဆက်ခြင်း | သက်ဆိုင်ရာဦးစီး<br>ကျေးရွာလမ်းကော်မတီဖွဲ့စည်းခြင်း။ |
| **သဘာဝဘေးလျော့ချခြင်း**<br>မီးဘေးအန္တရာယ်ကင်းဝေးရေး | မီးဘေးအန္တရာယ်ကင်းဝေးရေး | ၉၀ | ၂ | * ကော်မတီဖွဲ့စည်း၍ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။<br>* ပြင်ပအဖွဲ့ (NGO,INGO)အဖွဲ့များနှင့် ချိတ်ဆက်ကူညီတောင်းခံခြင်း။<br>* ကျေးရွာလူထုအား လုပ်အားပေးဆောင်ရွက်ရန် နှိုးဆော်ခြင်း။ | သက်ဆိုင်ရာဦးစီး |

## ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ-

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **အုပ်ချုပ်ရေးကဏ္ဍ**<br>စနစ်ပြောင်းလဲစေရေး | အုပ်ချုပ်မှုပုံစံပြောင်းလဲစေခြင်း | ၈၅ | ၃ | * ရွာခွဲတာဝန်ခံများလစဉ်အစည်းဝေးတက်ရောက်ရန်<br>* ပြင်ပအဖွဲ့(NGO,INGO)များနှင့် ချိတ်ဆက်ခြင်း<br>* သက်ဆိုင်ရာဌာနနှင့်ချိတ်ဆက်ခြင်း | သက်ဆိုင်ရာဦးစီး |
| **စိုက်ပျိုးရေးကဏ္ဍ**<br>စိုက်ပျိုးရေးတိုးတက်ရန် | စိုက်ပျိုးရေးစနစ်တိုးတက်ရန်ဆောင်ရွက်ခြင်း | ၈၀ | ၆ | * စိုက်ပျိုးရေလုံလောက်စွာရရှိရန်<br>* နည်းပညာများရရှိရန်<br>* ပြင်ပအဖွဲ့(NGO,INGO)အဖွဲ့များနှင့် ချိတ်ဆက်ကူညီတောင်းခံခြင်း။<br>* ဝန်ဆောင်မှုများရရှိရန်ဆောင်ရွက်ခြင်း | သက်ဆိုင်ရာဦးစီး |

## ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ-

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **ပညာရေးကဏ္ဍ**<br>ပညာရေးကောင်းမွန်စေရန် | ဘေးကင်းလုံခြုံစွာသင်ကြားနိုင်ရန် | ၇၄ | ၅ | * မူလွန်အဆင့်တိုးမြှင့်ရန်ကျောင်းခြံစည်းရိုးကာရံရန်<br>* ပြင်ပအဖွဲ့(NGO,INGO)များနှင့် ချိတ်ဆက်ခြင်း<br>* ကျေးရွာသူသားများအား လုပ်အားပေးလုပ်ဆောင်<br>*သက်ဆိုင်ရာဌာနနှင့်ချိတ်ဆက်ခြင်း | သက်ဆိုင်ရာဦးစီး<br>ကျောင်းကော်မတီဖွဲ့စည်းခြင်း။ |
| **ကုန်စည်နှင့်ဝန်ဆောင်မှုကဏ္ဍ**<br>သီးနှံများဈေးကောင်းရရန် | သီးနှံများဈေးကောင်းရရန် | ၇၁ | ၆ | * တောင်သူအစုအဖွဲ့ဖွဲ့၍ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။<br>* ပြင်ပအဖွဲ့(NGO,INGO)အဖွဲ့များနှင့် ချိတ်ဆက်ကူညီတောင်းခံခြင်း။<br>* နိုင်ငံတော်မှချတ်သောသီးနှံဈေးနှုန်းများအားနယ်မြို့နှင့်တူညီရန် | သက်ဆိုင်ရာဦးစီး |

## ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ-

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
